


# သင့်တွင် လုပ်ပိုင်ခွင့်များ ရှိသည်!

## လူဝင်မှုကြီးကြပ်ရေး အခြေအနေ မည်သို့ပင် ရှိစေကာမူ၊ သင့်တွင် အောက်ပါတို့ကို ရပိုင်ခွင့်ရှိပါသည်-

- လေ့ကျင့်သင်တန်းပေးသည့် ကာလများအပါအဝင် အလုပ်လုပ်ခဲ့သည့် အချိန်နာရီအားလုံးအတွက် လစာရရှိခွင့်
- အနည်းဆုံး လုပ်အားခ ရရှိခွင့်၊ အချိန်ပိုကြေး ရရှိခွင့် နှင့် လုပ်အားခကို ပုံမှန်ရရှိခွင့် (များသောအားဖြင့် အပတ်စဉ် သို့မဟုတ် နှစ်ပတ်တစ်ကြိမ်)
- သင့်လစာထဲမှ ချက်ယူမှုများကို သိရှိပိုင်ခွင့် နှင့် စာဖြင့် ရေးသားထားသော ကြိုတင်သဘောတူညီချက်မရှိဘဲ ဘယ်သောအခါမျှ လစာထဲမှ နုတ်ယူမခံရခွင့်
- ခွဲခြားဆက်ဆံခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း နှင့် အနိုင်ကျင့်စော်ကားခြင်းမရှိသည့် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်ခွင့်
- လက်တုံ့ပြန်ခံရမည်ကို မကြောက်ဘဲ နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာနထံမှ အကူအညီ တောင်းဆိုပိုင်ခွင့်

## သင့်ကိုယ်သင် ကာကွယ်ပါ!

### အောက်ပါတို့ကို မှတ်တမ်းတင်ထားပါ-

- သင်အလုပ်လုပ်ခဲ့သည့် ရက်များ နှင့် အချိန်နာရီများ
- သင့်ကို ပေးချေခဲ့သည့် ပမာဏ နှင့် ပေးခဲ့သည့်အချိန်
- အလုပ်ရှိ အရေးကြီးသော ဖြစ်ရပ်များ (ထိခိုက်ဒဏ်ရာများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် အငြင်းပွားမှုများ) ၏ ရက်စွဲများ နှင့် အချိန်များ၊ ယင်းကိစ္စများကို သင်အသိပေးခဲ့သည့် ပုဂ္ဂိုလ်








# အဓမ္မခိုင်းစေခြင်းသည် ပြစ်မှုမြောက်သည်!

## အောက်ပါအခြေအနေများကို သင်ကြုံတွေ့ရလျှင် ၎င်းသည် သင့်ရပိုင်ခွင့်များကို ချိုးဖောက်သော ပြစ်မှု တစ်ရပ်

### ဖြစ်နိုင်သည်-




- အကြွေးဆပ်ရန် အလုပ်လုပ်ရမည်ဟု သင့်အား ပြောလျှင်
- သင့်အလုပ်ရှင်က သင့်ပတ်စ်ပို့ သို့မဟုတ် မှတ်ပုံတင်ကို သိမ်းယူသွားမည်ဟု သင့်အား ပြောလျှင်



- ဂရင်းကတ် သို့မဟုတ် ငွေသား ကဲ့သို့သော သင်မရရှိသည့် အကျိုးခံစားခွင့်တစ်ခုကို သင့်အား ကတိပေးထားလျှင်



- သင်အလုပ်မလုပ်ပါက လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ရဲကို ဖုန်းဆက်မည်ဟု သင့်အား ခြိမ်းခြောက်လျှင်



- သင် သို့မဟုတ် သင့်မိသားစုကို အန္တရာယ်ပြုမည်ဟု သင့်အား ခြိမ်းခြောက်လျှင်
- သင့်အား အမှန်တကယ် အန္တရာယ်ပြုလျှင် သို့မဟုတ် မိသားစုဝင်တစ်ဦးကို အန္တရာယ်ပြုလျှင်

သင့်အခွင့်အရေးများအကြောင်းနှင့် ရရှိနိုင်သည့် အကူအညီများအကြောင်း အချက်အလက်များကို ပိုမိုသိရှိရန် အမျိုးသား လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ (National Human Trafficking) 24 နာရီ ဟော့လိုင်းနံပါတ်**888.373.7888** သို့မဟုတ် DOCE ဟော့လိုင်းနံပါတ် **877.466.9757** သို့ ဆက်သွယ်နိုင်ပါသည်။

**trafficking@labor.ny.gov** သို့လည်း အီးမေးလ်ပို့နိုင်သည်။

**888-469-7365** | @nyslabor | www.labor.ny.gov

နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာနသည် အခွင့်အရေးတန်းတူညီမျှပေးသည့် အလုပ်ရှင်/အစီအစဉ်တစ်ခု ဖြစ်သည်။ မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများ နှင့် ဝန်ဆောင်မှုများကို TTY/TDD 711 သို့မဟုတ် 1-800-662-1220 (အင်္ဂလိပ်ဘာသာစကား) / 1-877-662-4886 သို့ ဆက်သွယ်တောင်းဆိုပြီး အခမဲ့ရယူနိုင်ပါသည်။